အောင်မြင်
စာပေ

မာယာနှံ

လုံးချင်းဝတ္ထုသစ်

ဘဝဆိုတာ
မာယာတွေနဲ့ ပြည့်နေတဲ့ တောနက်တစ်ခုပါပဲ
လိုအပ်ရင်
အဲဒီတောနက်ထဲမှာ ကျက်စားဖို့
ကိုယ်ယကိုယ်တိုင် မာယာမုဆိုး ဖြစ်မှ ရမယ်။

အခန်း (၁)

အိမ်ရှေ့ဆီမှ ဆူဆူညံညံ စကားပြောသံများကြောင့် သုဝေ အိပ်ရာမှ နိုးလာရသည် ။ ချက်ချင်းတော့ မထဖြစ်သေး၊ သူ့အတွက် နံနက်ချိန်ခါ တေးသံသာ မဟုတ်သော အသံများကိုလည်း မကြားချင်ဘဲ ကြားနေရပြန်သည် ။ ထိုအသံတွေကြောင့် သူ့မနက်ခင်းလေးတွေ ပုပ် သိုးခဲ့ရသည်မှာ ပင် အတော်ကြာပြီ။

''မင်း ကြည့်ပြောထားဦးနော်၊ ကြာရင် ငါနဲ့ ထိပ်တိုက်တွေ့ တော့မှာကွ၊ ဆယ်တန်းဖြေနေတာ ဘယ်နှစ်နှစ် ရှိပြီလဲ၊ စာမေးပွဲ မအောင်လို့ ဆိုပြီး အလုပ်တစ်ခု လုပ်မယ်များ အောက်မေ့တယ်၊ လက် ဖြန့်ပိုက်ဆံ တောင်းပြီး တစ်နေ့တစ်နေ့ အပြင်မှာ ချည်းပဲ၊ ညမိုးချုပ်မှ ပြန်လာ၊ မနက် နေဖင်ထိုးမှ ထ၊ မင်းယသားက တေလေကြမ်းပိုး ဖြစ်နေ ပြီ သိရဲ့လား!''

သုဝေ အံတစ်ချက် ကြိတ်လိုက်မိသည် ။

ဒီအသံက သူ့ကို အမြဲမကြည်မလင်ဖြစ်နေသော..မမေ့ နောက်ယောက်ျား ဦးဝင်းအောင်၏ အသံ။

(တောက်!...ငါ့ကိုများ လာပြောနေသေးတယ်၊ ခင်ဗျားကြီး ကရော ဘာများကောင်းနေလို့ လဲ၊ ခင်ဗျားရဲ့ ဟိုယောင်ယောင် ဒီ ယောင်ယောင် ပွဲစားလုပ်လို့ ရတဲ့ ပိုက်ဆံကို အရက်သောက်ပစ်ပြီး မမေ့ကို မဖြစ်စလောက်လေး ပေးကျွေးရတာလေးနဲ့ များ ..)

ထိုစကားလုံးတွေကို လည်ချောင်းထဲမှာ ပေါက်ကွဲပစ်လိုက် ရသည် ။ သူ ခုအချိန် ထပြောလျှင် အဲ့ဒီလူကြီးနှင့် စကားများ ရမည်။ ပြီးလျှင် မေမေ ငိုမည်။ မေမေငိုမှာ ကိုတော့ သုဝေ မလိုလားပါ။ ထို့ ကြောင့် ကြိတ်မှိတ်သည်းခံနေခြင်းဖြစ်သည် ။

မမေ့အသံက ဆက်ထွက်လာ၏။

''ဒီမှာ ကိုဝင်းအောင်၊ ရှင် ကျွန်မသားကို ပြောစရာ မလိုဘူး၊ သူဟာ ဘာမှ မလုပ်ပေမယ့်လည်း ..ဘာမှ ဒုက္ခပေးတာ မဟုတ်ဘူး ၊ ကျွန်မသားကို ကျွန်မ ကျွေးနိုင်တယ်၊ ဆုံးမစရာရှိရင်လည်း ကျွန်မပဲ ဆုံးမမယ် ''

''အေး...ဆုံးမပါ၊ မင်းသေရင်တော့ ခွေးဖြစ်မယ့်အကောင် ကွ၊ အိမ်မှာ စားစရာရှိတာမရှိတာ သိတာ မဟုတ်ဘူး ၊ တစ်ရက်တစ်ရက် မင်းသားရုံးလောက်အောင် ဝတ်စားပြီး ဂလေရိုက်နေတာ၊ ကြည့်လိုက် ရင် သူဌေးသားဟန်ပန်နဲ့ ဘယ်သူဌေးသမီးကိုများ ချူစားဖို့ ကြံစည် နေလဲ မသိဘူး၊ ဟန်ရှိပြီး အဆံမရှိတဲ့ ကောင်''

သုဝေ တင်းသွားတော့သည် ။ သူ့ကို ဒီလိုဝေဖန်လာတာမျိုး တော့ မကြိုက်ပါ၊ ထွက်ပြောရန် ပြင်လိုက်ပြီးမှ မမေ့စကားကြောင့် ဘရိတ် အုပ်လိုက်သည် ။

''သူက လူငယ်ပဲ...ဝတ်ချင်စားချင်မှာ ပေါ့၊ ဒီခေတ်မှာ ဒီအ တိုင်းပဲ လေ၊ အဲဒီအဝတ်အစားတွေကို ရှင် ဝယ်ပေးနေရလို့ လား၊ အင်း ...ကျွန် မလည်း ဝယ်မပေးရဘူး၊ သူ့ဘာသူ ဖန်တီးပြီး ဝတ်နေတာ၊ ရှင် ဘာမှ ပြောစရာ မလိုဘူး''

''ငါက ဒီအိမ်မှာ အိမ်ထောင်ဦးစီးကွ၊ ဒီအိမ်ကို ငါ့ပိုက်ဆံနဲ့ ၄ားထား တာ၊ ငါ သဘောမကျသလို နေရင်တော့ ငါ့အိမ်မှာ နေမနေ နဲ့ ...ဒါပဲ''

မေမွေ့စကားသံ ထပ်ထွက်မလာတော့၊ သုဝေ ပင့်သက်ရှိုက် လိုက်မိ သည် ။ ဖေဖေဆုံးပြီးကတည်းက ရှိသမျှလေးတွေကို ထုခွဲရောင်း ချပြီး အိမ်တစ်လုံး၄ားကာ...မေမေက ရပ်ကွက်ထဲကစျေးမှာ ကုန် ခြောက်ဆိုင် ထွက်သည် ။ ထိုအချိန်က သုဝေ လူပျိုပေါက်စ၊ နောက် တော့ လက်ရှိ နေသောအိမ်ထက် စျေးနှုန်းသက်သာသောအိမ် လိုက်ရှာ ရင်း ပွဲစားလုပ်သူ ဦးဝင်းအောင်နှင့် မေမေ အကြောင်းပါတော့သည် ။

အဲ့ဒီတုန်းကလည်း သုဝေ ကန့်ကွက်ခြင်း မလုပ်ခဲ့၊ မေမေ စိတ်ချမ်း သာဖို့ ပဲ ခေါင်းထဲ ထည့်ထားခဲ့သည် ။

အစပိုင်းတော့ မဆိုး။ တစ်နှစ်လောက်ကြာတော့ ဦးဝင်းအောင် ပ ထွေးရုပ်လုံး ဖော်ပြလာခဲ့သည် ။ သူ၏ အကျိုးဆောင်လုပ်ငန်းကလည်း ဝင်ငွေကောင်းလာခဲ့သဖြင့် ပို၍ မာန်တက်ကာ သူ့ကို ပြဿနာရှာလာ သည် ။ အောင်မြင်သော မော်ဒယ်တစ်ယောက်ဖြစ်ဖို့ ကြိုးစားနေသည့် သူ့ကို လူပေါ့လူလေ ငွေဖြုန်းဟု သတ်မှတ်ကာ ယခုလို အိမ်ရိပ်မနင်း စေချင်တော့တဲ့ အထိ ဖြစ်လာပါတော့သည် ။

သုဝေက ပညာရေးမှာ မထူးချွန်သော်လည်း လူအထင်ကြီး အောင် နေထိုင်တတ်သည် ။ ရေမလျှံပေမယ့်လည်း ရုပ်ကတော့ အ လန်း။ ကျော့ကျော့မော့မော့ ဝတ်စားတတ်လို့ လည်း ရပ်ကွက်ထဲက ကောင်မ

လေးတွေ စိတ်ဝင်စားကြတာ သုဝေ မသိဘဲ မနေပါ။ ဒါပေ မယ့်လည်း ကောင်မလေးတိုင်းကို သုဝေ စိတ်မဝင်စား။

ကောင်မလေးတွေက သူ့ကို စိတ်ဝင်စားတာကိုတော့ သူ ဘယ်လိုမှ မတတ်နိုင်။ တစ်ယောက်ယောက်နှင့် ပတ်သက်ပြီးလျှင် တစ်ခုခုတော့ သူ့အတွက် ကျန်ရမည်ဟု သဘောထားသည် ။

မနာလိုသောကောင်တွေက သုဝေကို ယောကျ်ားပိုင်းလုံးဟု သမုတ်ကြသည် ။ မပိုင်းဘူး ပိုင်းတယ်ဆိုတဲ့ ကိစ္စကိုတော့ သူနှင့် ပတ်သက်သော ကောင်မလေးတွေသာလျှင် အသိဆုံးဖြစ်ပါလိမ့်မည်။

အဲ့ဒီအတွက် ကျွန်တော်က ဘယ်လိုပါ ဘာညာသက်ာ မရှင်း ချင်။ ရှိပါစေတော့၊ ကိုယ်အဆင်မပြေလျှင် ဘယ်သူကမှ လာပေးသည် မဟုတ်၊ ဒါကြောင့် လူငယ်ပီပီ ကိုယ့်ဘဝကိုယ် လွပ်လွပ်လပ်လပ် ဖန်တီးနေခြင်းသာဖြစ်သည် ။

ခုတော့ ဦးဝင်းအောင်၏ စကားက သူ့အပေါ် အတိအကျ တိုက်ခိုက်လာပြီ။ မေမေ့ကိုလည်း စိတ်မချမ်းမသာ မဖြစ်စေချင်။ ထို့ကြောင့် အိပ်ရာမှ လူးလဲထရင်း သုဝေ ဆုံးဖြတ်လိုက်မိသည် ။

ကျောပိုးအိတ်ထဲ အဝတ်အစားအချို့ ထည့်လိုက်ချိန်မှာ တော့ မေမေနှင့် ဦးဝင်းအောင်က စကားအခြေအတင် ပြောနေကြတုန်း။ နောက်ဖေးဆင်း ကိုယ်လက်သန့်စင်ကာ ကျောပိုးအိတ် လွယ်ပြီး အိမ် ရှေ့ထွက်လိုက်သည် ။

စကားသံတွေ ရပ်သွားပြီး မေမေက သူ့ကို ကြည့်ကာ...

''သား ဒါက ဘယ်သွားမလို့ လဲ!''

သက်ပြင်းကို ချရင်း သုဝေ ခပ်တင်းတင်းပဲ ပြောလိုက်မိသည် ။

''ကျွန်တော် ဒီအိမ်မှာ နေတာ ကျွန်တော့်အတွက်ရော ဘယ် သူ့အတွက်မှ အဆင်မပြေဘူး မေမေ၊ အဲ့ဒီစကားသံတွေကိုလည်း မနက်မနက် ကျွန်တော် မကြားချင်တော့ဘူး၊ ကျွန်တော် တစ်နေရာမှာ သွားနေတော့ မယ်''

''သား...''

မိခင်မေတ္တာအပြည့်နှင့် မေမေ့မျက်ဝန်းတွေကိုရော ဦးဝင်း အောင်၏ မနှစ်မြို့သောအကြည့်တွေကိုရော သုဝေ လွဲဖယ်ပစ်လိုက်၏။

မေမေက...

''သား ကျော်စိုးနဲ့ သွားနေမလို့ လား!''

ခါတိုင်း ဒီလိုဖြစ်လျှင် သူသူငယ်ချင်း ကျော်စိုး၏ တိုက်ခန်းမှာ သုဝေ သွားနေတတ်ကြောင်း သိသဖြင့် မေမေက မေးခြင်းဖြစ်သည် ။

သုဝေက သက်ပြင်းချလိုက်ပြီး...

''မသေချာသေးဘူး မေမေ၊ ဒါပေမယ့် သားတစ်ကိုယ်စာ အတွက်ကတော့ အဆင်ပြေအောင် နေတတ်ပါတယ်၊ အဆင်ပြေရင် မေမေ့ကို ဆက်သွယ်မှာ ပါ''

ပြောရင်း မေမေ့ကို ထိုင်ကန်တော့လိုက်သည် ။ အင့်ခနဲ ရှိုက်လိုက်သံနှင့် အတူ မေမေ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့် နေမှာ ကို သုဝေ မသိဘဲ မနေပါ၊ ဦးဝင်းအောင်ဆီကတော့ ဘာမှ ပြောသံ မကြားရ။

လေးကန်သောခြေလှမ်းများ ဖြင့် အိမ်အပြင် ထွက်လာခဲ့သည် ။ သားကို ချစ်သလို သူ့ယောကျ်ားအပေါ်မှာ မလွန်ဆန်နိုင်သော မေမေ့ ကို သုဝေ နားလည်ပါသည် ။

အိမ်အပြင် လမ်းမရောက်ပြီးမှ ဖုန်းကို သတိရ၍ အိမ်ထဲ ပြန်ဝင်လိုက်သည် ။ အိမ်ထဲ ရောက်ရောက်ချင်း မေမေ ဘာမှ မပြောခင် မှာ ဘဲ ဦးဝင်းအောင်က...

''ဟေ့ကောင်...ငါတို့ ဆီက ဘာယူသွားချင်သေးလို့ လဲ!''

တစ်ချက်ကြည့်လိုက်ပြီး ဘာမှ ပြောမနေတော့ဘဲ အခန်းထဲ ဝင်ကာ သူ့ဟန်းဖုန်းကို သွားယူလိုက်သည် ။

သုဝေကို ကြည့်ပြီး ဦးဝင်းအောင်က ခနဲ့ လိုက်သေးသည် ။

''အမလေး...ရှားမှ ရှားပဲဟော့၊ လူအထင်ကြီးအောင် ဖုန်း တောင် ငှားကိုင်ရတယ်လို့ ၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းနော်၊ ကဲ...ကြွပါ သူဌေးမင်းရယ်...ကြွပါ''

ထောင်းခနဲ ထွက်လာသော ဒေါသကို အချိန်မီ ချွန်းအုပ် လိုက်ရသည် ။ သူ့ဒေါသ သူ့စကားတွေအတွက် ကျလာမည့် မေမေ့ မျက်ရည်တွေကို မမြင်ချင်တော့။

ဦးဝင်းအောင်ကို ခပ်တင်းတင်း ကြည့်လိုက်ပြီး အိမ်ထဲမှ လှည့်ထွက်လိုက်သည် ။ နောက်ဆီက ကြားလိုက်ရသော မေမေ့ငိုရှိုက် သံသဲ့သဲ့က သူ့မာနကို အရောင်တင်ပေးလိုက်သလို ခံစားလိုက်ရ၏။

(ရပါတယ် ဦးဝင်းအောင်၊ လဒလောက်တော့ ငှက်တိုင်းလှ တယ်ဆိုတာ ခင်ဗျား တစ်နေ့မြင်ရစေမှာ ပါ၊ ဘဝဆိုတာ ဒီအတိုင်း မနေဘူး ဦးဝင်းအောင်၊ ကျုပ်အမေကို ကျုပ် ခင်ဗျားကြီးဆီက ပြန်ယူနိုင်တဲ့ အချိန်မှ ခင်ဗျားကြီး ကြည်ဖြူနိုင်ဖို့ စဉ်းစားထားပါ၊ အဲ့ဒီအခါကျရင် ခင်ဗျား မျက်နှာပေါ်မှာ ဒီလိုအစွယ်ထုတ်ပြနိုင်ဦး မလားလို့ ကျုပ်ကြည့်ချင်ပါသေးတယ်။)

ပါးပြင်ပေါ် လိမ့်ကျသွားသော မျက်ရည်တစ်စက်နှင့် အတူ မာနခြေလှမ်းတစ်ချက်ကို သုဝေ စတင် လိုက်လေသည် ။

*

အခန်း (၂)

အိမ်ထဲမှ ထွက် လာပြီးမှ လမ်းလျှောက်ရင်း ကိုယ့်ဘဝကိုယ် မရေ ရာသလို ခံစားလာရသည် ။ ဒီလိုခံစားချက်တွေကြောင့် လည်း သူ့ပုံစံသ ည် တစ်ခါတစ်ရံ ဂျစ်ကန်ကန် ဖြစ်နေသည် မှာ မဆန်း။

ကားမှတ်တိုင်မှာ ထိုင်ရင်း နေဖို့ ထိုင်ဖို့ နှင့် စားဖို့ သောက်ဖို့ ကိစ္စကို စဉ်းစားလိုက်သည် ။

သူငယ်ချင်း ကျော်စိုးတိုက်ခန်းမှာ တော့ ကျောတစ်ခင်းစာ ရနိုင်သ ည် ပဲ၊ ဒါပေမယ့် နေ့စဉ်အစားအသောက်အတွက်တော့ ကျော် စိုးကို ဒု က္ခထပ်မပေးချင်ပါ၊ အဲ့ဒီအတွက် အလုပ်တစ်ခုတော့ လုပ်ရ မည်ပေါ့။

လောလောဆယ် အိတ်ထဲမှ လက်ကျန်ပိုက်ဆံကို ထုတ်ကြည့် လိုက် သည် ။ စုစုပေါင်း ငါးထောင်ပင် မပြည့်၊ ဒါပေမယ့် ကိစ္စတော့ မရှိပါ၊ ဖု နှ်းကို တစ်ချက်ဖွင့်ကြည့်လိုက်သည် ။ ဘက်ထရီ ကုန်ခါနီးပြီ ဖြစ်သော် လည်း တစ်ကောလောက်တော့ ရနိုင်သည် ပဲ။

ဖုန်းနံပါတ်တွေ လျှောက်ကြည့်ရင်း နံပါတ်တစ်ခုအရောက်မှာ သုဝေ ပြုံးလိုက်မိသည် ။

ဒီဖုန်းက လွန်ခဲ့သောတစ်ပတ်ကမှ သူနှင့် အဖီစီကလီ ဖြစ်နေ သည့် သဲစု၏ ဖုံးနံပါတ်၊ ဒီကောင်မလေးနှင့် က မော်ဒယ်ရှူးပွဲတစ်ခု အတူလျှောက်ရင်း စတွေ့ပြီး ငြိတိတိဖြစ်ခဲ့ခြင်း ဖြစ်သည် ။

မော်ဒယ်ဂဲလ်ပီပီ သဲစုပုံစံလေးက လန်းသလို...ရုပ်ချောပြီး စမတ်ကျသော မော်ဒယ်ဘွိုင်း သုဝေကိုလည်း ပြန်စိတ်ဝင်စားနေခြင်း မှာ မဆန်းပါ။ ဒီအချက်ကို သုဝေကလည်း ရိပ်မိသည် ။ ပြီးတော့.. အေဂျင်စီတစ်ခုလုံးထဲမှာ မှ သဲစုက ရုပ်အလှဆုံး။

ဒီအချက်ကြောင့် လည်း သဲစုကိုမှ ရွေးပြီး ပစ်မှတ်ထားခဲ့ခြင်း ဖြစ်သည် ။ စဉ်းစားရင်းမှ သဲစု ဖုန်းဆီသို့ ပြန်ခေါ်ရန် မစ်ကော(ဂျူနို့ ယေဖူ) ပေးပို့လိုက်ပြီး ခပ်တိုးတိုး ရေရွတ်လိုက်သည် ။

ကဲ...သဲစုရေ။ ငါ့ရဲ့ ခဏာတာ အသက်ဆက်ဖို့ တော့ လော လောဆယ် မင်း မဲပေါက်သွားပြီကွ။

သဲစုဖုန်းက ချက်ချင်းပင် ပြန်ခေါ်လာသည် ။

''ဟေး...ကိုသု၊ ပြော..ဘာကိတ်!''

အသံလေးကတော့ ကြည်သာလန်းဆန်းနေသည် ။

သုဝေက ဟက်ခနဲ ရယ်လိုက်ရင်း...''ထွေထွေထူးထူးတော့ မဟုတ်ပါဘူး...သတိရလို့ ပါ၊ သဲစု ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးနော်''

ခပ်လွင်လွင် ရယ်သံလေးကို အရင်ကြားရသည် ။ ပြီးမှ ...

''ကိုသုကတော့ လုပ်ပြီ၊ ဘာရှော့(ခ်)မှ မရှိပါဘူး၊ ပြောလေ ကိစ္စကို''

''ဩော်...ပြောပြီးပြီပဲ၊ သတိရလို့ ပါဆို၊ ဒီလိုကွာ...ကိုယ် Cafe Aroma ကို ကော်ဖီသောက်ဖို့ ရောက်နေတာ၊ သဲစုများ မနက်စာ မစားရသေးရင် သဲစုကြိုက်တဲ့ မက်(စ်)ဝဲလ် ကော်ဖီတစ်ခွက်နဲ့ ဧည့်ခံချင် လို့ ပါ၊ ဘယ်လိုလဲ သဲစု!''

ခေတ္တအသံတိတ်သွားသည် ။

''ကိုသု သဲစု တစ်ခု မေးမယ်နော်၊ သဲစု အဲဒီကော်ဖီကြိုက်မှန်း ဘယ်လိုသိသလဲ!''

''ဘာများ လဲလို့ သဲစုရယ်၊ လောလောဆယ် ကိုယ့်စိတ်ထဲမှာ ရှိနေတဲ့ ကောင်မလေးရဲ့ အကြောင်းကို အလိုလို သိနေတာကွ၊ ပြီးတော့ အဲဒီမက်(စ်)ဝဲလ် ကော်ဖီလို..သဲစုက ခါးသက်သက်နဲ့ ကိုယ့်အပေါ် ဘာအနှံ့အရသာမှ မရှိဘူးလို့ ကိုယ် မထင်ဘူးလေ''

ဒီစကားသည် သဲစုရင်ထဲအထိ ရောက်အောင် ပေးပို့လိုက် သော သုဝေ၏ တော်ကီဖြစ်သည် ။

ထင်ထားသည့် အတိုင်း သဲစုက သဘောကျသလို ရယ်ကာ..

''ကိုသုနော်...အပြောကောင်း၊ အင်း...ခု သဲစုက ဘရိတ် ဖတ်(စ်) စားမလို့ လုပ်နေတာ၊ ဒါပေမယ့် ကိုသု တိုက်မယ့်ကော်ဖီပဲ သောက်တော့မယ်၊ ဆယ်မိနစ်ပဲစောင့်...သိလား''

''အိုကေ သဲစု၊ ဆယ်မိနစ်ပဲလို့ ကိုယ်ယုံပါတယ်''

ဖုန်းပိတ်ရင်း ချက်ချင်း ကားထွက်ငှားလိုက်သည် ။ ကိုယ်က ကော်ဖီဆိုင်မှာ ရှိနေသည် ဟု ပြောခဲ့သည် မဟုတ်လား။

ကားက မြန်ပါသည် ။ ဆိုင်ရှေ့သို့ သုဝေရောက်သွားသည့် အချိန်ထိ သဲစုကားကို မတွေ့ရသေး၊ ဆိုင်ထဲ ခပ်သုတ်သုတ် ဝင်လိုက် ကာ ကိုယ့်အကြိုက် ကော်ဖီတစ်ခွက်နှင့် သဲစု ကြိုက်နှစ်သက်သည့် မက်(စ်)ဝဲလ်ပါမှာ လိုက်သည် ။

နောက်ထပ် သုံးမိနစ်လောက် ကြာသည့် အချိန်မှာ တော့.. သုဝေရှေ့စားပွဲမှာ ဘယ်သူမှ မတို့ ထိရသေးသော အနှံ့အရသာ မတူ သည့် ကော်

ဖီနှစ်ခုက ဆန့်ကျင်ဘက် ရနံ့နှစ်မျိုး ရောပြွန်းပုံ့ဝေလျက်။

ထိုအချိန်မှာ ပဲ စားပွဲပေါ် မိုးကျလာသော အရိပ်ကလေးတစ်ခု နှင့် အတူ စူးရှထုံသင်းသော ရေမွှေးနံ့တစ်မျိုးက ကော်ဖီရနံ့များကို လွှမ်းခြုံသွားလေသည် ။

''ဆောရီး ကိုသု၊ သဲစု နည်းနည်းလေးနောက်ကျသွားတယ်''

စကားသံနှင့် အတူ သဲစုအပြုံးလေးက လန်းလန်းဆန်းဆန်း။ ဘာမှ မဖြစ်သလို သုဝေက ပြန်ပြုံးပြလိုက်ရင်း...

''ရပါတယ် သဲစုရဲ့ ၊ ညနေမှ ရောက်မယ်ဆိုရင်တောင် ကိုယ် စောင့် နေမိမှာ ပဲ''

သဲစု မျက်နှာပေါ်မှာ ရှက်ရိပ်တို့ ပေစွန်းသွားသည် ။ ပြီးမှ ထိုင်ခုံမှာ ဝင်ထိုင်ရင်း မျက်လွှာလေး ချလျက်...

''ကိုသုနော်...တော်တော်အပြောကောင်း၊ နေရင်းထိုင်ရင်း သဲစုက တရားခံ ဖြစ်ရဦးမယ်''

သုဝေ ခပ်ဟဟ ရယ်လိုက်သည် ။

''တကယ်ပါ သဲစုရဲ့ ၊ ကိုယ် ဒီဆိုင်ရောက်ပြီးမှ သဲစုနဲ့ ဒီနေ့ တွေ့မှ ဖြစ်မယ်ဆိုတာ ပိုသေချာသွားတာ''

မျက်လုံးကလေး ဝိုင်းသွားရင်း သဲစု ပြန်မေးလာသည် ။

''ဟင်...ဘာဖြစ်လို့ ''

သုဝေက သက်ပြင်းဖွဖွချဟန် လုပ်လိုက်ပြီး...

''အင်း...ဒီလို သဲစုရ၊ ဒီမနက်ပဲ ကိုယ့်အမေက စက်ရုံ အတွက် ခြံတစ်ခြံ ကြည့်ချင်လို့ ..မန္တလေးကို ကားနဲ့ တက်သွားတာ၊ ကိုယ့်သူငယ်ချင်း

တစ်ယောက်ကလည်း မန္တလေးကို သွားစရာ ရှိတယ်ဆို တော့ သူကားနဲ့ ပဲ လိုက်လာခဲ့မယ်ဆိုပြီး နေခဲ့တာ၊ ဖြစ်ချင်တော့ ကိုယ့် သူငယ်ချင်းကလည်း မသွားဖြစ်ဘူး၊ ကိုယ့်အမေကလည်း သွားပြီ၊ ဒီမှာ ကြည့်လေ...ကိုယ့်မှာ အဝတ်အစားအိတ်တွေနဲ့ တိုင်ပတ်နေ တာ''

အိတ်ကို ကြည့်ရင်း သဲစုက ပြန်မေးလာသည် ။

''ဒါဆို ကိုသုက အဝေးပြေးကားနဲ့ ပဲ သွားရတော့မှာ ပေါ့''

လေပူကြီးကို မှုတ်ထုတ်လိုက်မိသည် ။

''သွားလည်း မသွားချင်တော့ပါဘူး သဲစုရယ်၊ မမေ့ဆီကို လည်း ဖုန်းဆက်လိုက်ပြီ၊ ကိုယ့်သူငယ်ချင်းတစ်ယောက်အိမ်မှာ ပဲ သွားနေတော့ မလို့ ၊ အိမ်သော့တွေက မေမေပဲ ယူသွားတာ''

ထို့နောက် စကားဖြတ်၍ လေပူကြီးကို မှုတ်ထုတ်လိုက်ပြီး...

''ဒါပေမယ့် ဖုန်းဘက်ထရီလည်း ကုန်ပြီ၊ ပိုက်ဆံလည်း ကုန်ပြီ''

''အယ်...ဒါဆို ကိုသု အဆင်ပြေပါ့မလား''

စိတ်ပူဟန်ဖြင့် သဲစုက မေးလာသည် ။ သုဝေက...

''အဲဒါကြောင့် ပြောတာပေါ့၊ ဟိုက မေမေ ငွေလွဲပေးရင် တောင် ကိုယ့်မှာ မှတ်ပုံတင်က အိမ်ထဲမှာ လေ၊ ငွေထုတ်လို့ လည်း မရနိုင်ဘူး''

သူ့ မိသားစုနှင့် ပတ်ဝန်းကျင်အခြေအနေကို သဲစုမသိသည့် အတွက် ပြောချင်ရာပြောနေလေတော့သည် ။

''အဲဒါကြောင့် သဲစုကို နောက်ဆုံးကျန်တဲ့ အင်နာဂျီလေးနဲ့ လှမ်းခေါ်လိုက်တာ၊ ကိုယ့်မှာ သဲစုအကူအညီလိုလို့ သဲစုလာမှ ဖြစ် မယ်လို့ ပြောတာ''

''အဟင်း...ပိုက်ဆံချေးပေးရမယ်ဆိုပါတော့''

ပြုံးစစ မေးလာသဖြင့် သုဝေ ခေါင်းခါပြလိုက်သည် ။

ဒီလိုတော့လည်း သုဝေ လွယ်လွယ်သိက္ခာအကျမခံချင်။ လူနေချုံကြား စိတ်နေဘုံဖျားလို့ ပဲ ဆိုချင်ဆို၊ ခြေလွတ်လက်လွတ် ဦးညွတ်ပေးလိုက်ရတာမျိုး ဘယ်တော့မှ မလုပ်။ ကော်ဖီကို ငုံ့သောက် လိုက်ရင်း သုဝေက မပွင့်တပွင့် ပြုံးလျက်...

''ခုလိုပြောရတာ ရှက်တော့ ရှက်တယ်ကွ၊ အားလုံး အဆင်ပြေ တယ်ဆိုပြီး ကိုယ်က မေမေ့ဆီက ပိုက်ဆံမယူထားလိုက်မိဘူးလေ''

ထို့နောက် ဖုန်းကို သဲစုဘက် တွန်းပေးလိုက်ရင်း...

''ရော့...ဒီမှာ ကိုယ့်ဖုန်း၊ သဲစု မာမီက ဖုန်းအရောင်းအဝယ် အငှားအရမ်းတွေ လုပ်တယ်ဆို၊ ကိုယ့်ဖုန်းကို ပေါင်တာပဲဖြစ်ဖြစ်၊ ဘာ ဖြစ်ဖြစ်ကွာ၊ ကိုယ် လောလောဆယ် သုံးဖို့ ပိုက်ဆံသုံးပုံးလောက် လိုချင် တယ်.. အတိုးယူပေါ့၊ ဒီဖုန်းနဲ့ လုပ်ပေးနိုင်မလား''

စကားအဆုံးမှာ သဲစု တွေဝေသွားသည် ။

စဉ်းစားဟန် ပြုနေပြီးမှ ...

ကော်ဖီကို သတိရကာ ငုံ့သောက်လိုက်ပြီး...

''ကဲပါ...မာမီ့ကို မေးပေးပါ့မယ်၊ ကော်ဖီပဲ အရင်သောက် လိုက်ပါဦး၊ စောစောစီးစီး သောကများ နေတယ်''

''မရှိပေမယ့် မရှိဘူး ပြောရတာမျိုး မပြောချင်ဘူးကွာ၊ ကိုယ့် အနေနဲ့ ယောကျ်ားလေးဘော်ဒါအချင်းချင်းဆီမှာ လှည့်လို့ ရပါတယ်၊ ဒါပေမယ့် ကိုယ့်ရင်ဘတ်နဲ့ မရင်းနှီးဘဲနဲ့ တော့ ဒီအထာကြီးကို မဖြုတ် ချင်ဘူး'

'

''သြော...အဲဒါကြောင့် သဲစုကို သတိရတာပေါ့ ဟုတ်လား''

ခပ်ညှင်းညှင်း ရယ်ရင်း သဲစုက ပြောလာပြန်သည် ။

သုဝေက ခေါင်းညိတ်ပြလိုက်ရင်း...

''အမှန်ပဲ သဲစု၊ လုံးဝသိက္ခာမကျတဲ့ အလုပ်တွေထဲမှာ အမှန် တရား ကို ဖြောင်ပြောတဲ့ အလုပ်လည်း ပါတယ်၊ မှတ်ချက်...ကိုယ့် ရင်ဘတ် နားက သူဆီမှာ ပေါ့''

သဲစုက သဘောကျသလို တခစ်ခစ် ရယ်တော့သည် ။

''ဟုတ်ပါပြီ ကိုသုရယ်၊ သဲစုက ဘာများ ပြောလို့ လဲ၊ ကဲ... သောက်ပြီးရင် ကိုသု အဆင်ပြေအောင် သဲစု ဖန်တီးပေးပါ့မယ်''

''အဲဒါကြောင့် ကိုယ် သဲစုကို....''

ဟန်းဖုန်းကို လှမ်းယူလိုက်သော သဲစုလက်ကြောင့် သုဝေ စကားက လမ်းတစ်ဝက်မှာ ရပ်သွားရသည် ။ ဒီဖုန်းက ကိုယ့်အပိုင်ဖုန်း မှ မဟုတ် သည် ပဲ။ တစ်ကယ်ဆုံးသွားမှ ဖြင့် ဟူး...။

ရင်တမမ တွေးနေစဉ်မှာ ပဲ သဲစုက ဖုန်းကို လက်ကိုင်အိတ်ထဲ ထည့် လိုက်ကာ ပြုံးစစ ကြည့်လျက်...

''ကိုသုနော်...မသေချာဘဲနဲ့ မပြောနဲ့ ''

ဘာအဓိပ္ပါယ်မှန်းလဲ သေသေချာချာ မသိပါ၊ သဲစုကတော့ ကျော့ကျော့လေး ထွက်သွားလေပြီ။

သုဝေလည်း ပိုက်ဆံရှင်းပြီး ပြေးလိုက်ရတော့၏။ သဲစုက ကား ပေါ် တက်လိုက်သဖြင့် သုဝေလည်း လိုက်တက်ရတော့သည် ။ သဲစု ကား

မောင်းထွက်လိုက်ပြီ ဖြစ်သော်လည်း ဘယ်သွားမည်ကို မသိသေး၊ သုဝေလည်း မမေးမိ။

လမ်းတစ်လျှောက် သုဝေမှာ စိတ်တထင့်ထင့် ဖြစ်နေရသော် လည်း သဲစုက အရေးမကြီးဟန်ဖြင့် တခြားအကြောင်းအရာများကို ကားမောင်းရင်း အေးဆေးစွာ ပြောလာသည် ။

ရပ်ကွက်တစ်ခုထဲသို့ ရောက် လာပြီး ခြံဝန်းတစ်ခုရှေ့မှာ ကား ရပ်လိုက်သည် ။ ခြံထဲမှာ ခေတ်မီလှပသော နှစ်ထပ်တိုက်ကြီးတစ်လုံး။

သဲစု ကားတံခါးကို ဖွင့်လိုက်ရင်း...

''ကဲ...ကိုသု၊ ဒါ သဲစုတို့ အိမ်ပဲ၊ အထဲလိုက်ဦးမလား၊ ဒီမှာ ပဲ စောင့်နေမလား၊ ကိုသုကိစ္စ စီစဉ်လိုက်ဦးမယ်''

''မလိုက်တော့ပါဘူး...ကိုယ် မျက်နှာပူတယ်ကွ၊ အဆင်ပြေ မပြေ သဲစု ဖုန်းလှမ်းဆက် လိုက်လေ၊ အာ...ဆောရီး၊ သဲစုနဲ့ ပြောဖို့ ကိုယ့်မှာ ဖုန်းမှ မရှိတော့တာ''

ထိုစကားလုံးတွေကို အသေအချာ ရွေးချယ်ပြီး သုဝေ သုံးစွဲ လိုက်ခြင်းဖြစ်သည် ။

သဲစုက တွေခနဲ တစ်ချက်စိုက်ကြည့်ပြီးမှ ဘာမှ ပြန်မပြောဘဲ အိမ်ထဲသို့ ဝင်သွားလေ၏။

ခဏနေတော့ သဲစု ပြန်ရောက်လာပါသည် ။ သုဝေကို စက္ကူ အိတ်တစ်အိတ် လှမ်းပေးပြီး...

''ကိုသု...ရော့၊ အထဲမှာ ကိုသု လိုချင်တဲ့ ပိုက်ဆံပါတယ်၊ စစ်ကြည့်လိုက်ဦး''

သုဝေက ခေါင်းခါပြရင်း...

''မစစ်တော့ပါဘူးကွာ...ဒီလူနဲ့ ဒီလူ မယုံကြည်စရာ ဘာရှိ မှာ လဲ''

အိတ်ကို လှမ်းယူရင်း သက်ပြင်းကို ကြိတ်ချရသည် ။ ပိုက်ဆံရ ပြီ ဖြစ်သော်လည်း ဖုန်းကတော့ သွားပြီ၊ ငှားထားသောဖုန်းကိုမှ ပြန် ပေါင်စားရသည့် အဖြစ်၊ မတတ်နိုင်တော့ပါ၊ လောလောဆယ် ဒီလိုပဲ အဆင်ပြေအောင် လုပ်ရမည်ပေါ့။

''ကိုသု ဘယ်သွားဦးမှာ လဲ၊ သဲစု လိုက်ပို့ပေးမယ်လေ''

သုဝေက လိပ်စာတစ်ခုကို ပြောလိုက်သည် ။ သွားစရာက ကျော်စိုး ၏ တိုက်ခန်းသာ ရှိသည် ပဲ။

တိုက်ရှေ့ရောက်တော့ သဲစုက ကားရပ်ပေးကာ...

''အားလုံးအဆင်ပြေပါတယ်နော် ကိုသု''

သုဝေက...

''အတိုင်းထက်အလွန်ပါပဲ...ဟဲဖီးကျေးဇူးနော် သဲစု''

''မလိုပါဘူး ကိုသုရာ၊ အကူအညီ မလိုဘဲ ဒီအတိုင်း သတိ ရရင် သဲစု ကို ဆက်သွယ်ဦးနော်''

သဲစုက မူန္ဒန္ဒလေး ပြောလာသည် ။ အရည်လဲ့နေသော မျက် ဝန်းထဲက အဓိပ္ပါယ်ကိုလည်း သုဝေ မဖတ်မိဘဲ မနေပါ။

လှစ်ခနဲ ပြုံးလိုက်ရင်း သုဝေ ပြန်ပြောလိုက်သည် ။

''ဆက်သွယ်မှာ ပေါ့ သဲစုရဲ့ ၊ ကိုယ့်မှာ ဆက်စရာ သဲစုပဲ ရှိတာကို၊ လမ်းဘေးမှာ (P.C.O)ဖုန်းတွေ ဒီလောက်ပေါတာ၊ သဲစုသာ နံပါတ် မသိ ဘူးဆိုပြီး မကိုင်ဘဲ မနေနဲ့ ''

ကျေနပ်ရိပ်ကလေးဖြင့် သဲစု ကားထဲမှ ကြည့်နေရင်းက...

''ကိုသု ခဏာ''

ဘာပြောချင်လို့ လဲ မသိဘူးဟု သုဝေ တွေးလိုက်ပြီး ကားနား ကပ်ကာ တံခါးပေါက်ဝနားသို့ ကိုင်းညွတ်လိုက်ရင်း...

''ဘာလဲဟင် သဲစု!''

သဲစုက စိုက်ကြည့်နေပြီးမှ ဘယ်လိုမှ မထင်ထားစွာ...

''ရော့...ကိုသုဖုန်း၊ ပိုက်ဆံက သဲစု ဒီအတိုင်း ချေးတာပါ၊ အစထဲက ကိုသုဖုန်းကို ယူထားဖို့ အစီအစဉ် မရှိဘူး၊ အဲ့ဒါ ဘာဖြစ်လို့ လဲ ကိုသု သိမှာ ပေါ့၊ ကဲ...သွားပြီ''

ရုက်ဟန်လေးဖြင့် ပြောရင်း သဲစု ကားမောင်းထွက်သွားတော့ သည် ။ လက်ထဲ ပြန်ရောက်လာသော ဖုန်းကလေးကို အံ့သြစွာ ကြည့် နေပြီးမှ သုဝေမျက်နှာပေါ်မှာ ကျေနပ်အပြုံးကလေးတစ်ခု ဖြစ်ထွန်း သွားလေသည် ။

ပြီး လေချွန်သံလေးတစ်ခုက သုဝေနှုတ်ခမ်းဖျားမှ ထွက်ပေါ် လာလေသည် ။

ဒီနေ့ ကစားပွဲမှာ သူ အနိုင်ရလိုက်ပြီဆိုတာ သုဝေ သိလိုက်ပါ သည် ။ စိတ်ထဲတော့ သိပ်မသန့်၊ တစ်ခါတစ်ရံမှာ မိန်းကလေးတစ် ယောက်ဆီက ပိုက်ဆံချေးဖို့ ကော်ဖီတစ်ခွက်၊ လုံလောက်သော အချိန် တစ်ခုနှင့် ရင်ဘတ်ထဲ ရောက်အောင် ပစ်ခွင်းနိုင်သည့် စကားလုံးလှလှ လေးတွေပဲ လိုအပ်ပါသည် ။

သုဝေသည် အဆုံးသတ်ကျမ်းကျင်သော ဘောလုံးသမား တစ် ဦးကဲ့သို့ ဒီလိုပွဲတွေမှာ အနိုင်ရခဲ့သည် မှာ ပင် များ ခဲ့ပြီ။ လတ်တလော အခ

က်အခဲတစ်ခုကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်၍ သူ၏ စိတ်ထဲက ပစ်မှတ်အား လှမ်းကာကြုံးဝါးမိတော့သည်။

(သုဝေ ဘယ်လိုလူစားလဲဆိုတာ ခင်ဗျားမြင်ရမှာ ပါ ဦးဝင်း အောင်ရယ်)

*